# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
# လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် ခန့်ထားရန် အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | ပညာအရည်အချင်းကန့်သတ်ချက် |
|---|---|---|---|
| က | နည်းပြ<br>၂၁၆၀၀၀-၂၀၀၀-<br>၂၂၆၀၀၀ | မြန်မာစာ<br>(၁)နေရာ | သက်ဆိုင်ရာမဟာဘွဲ့ရရှိသူဖြစ်ရမည်။ |
| ခ | နည်းပြ<br>၂၁၆၀၀၀-၂၀၀၀-<br>၂၂၆၀၀၀ | အင်္ဂလိပ်စာ<br>(၄)နေရာ | M.A(English)(မဟာဝိဇ္ဇာဘွဲ့)(အင်္ဂလိပ်စာ)(သို့)<br>M.A(English)( TEFL)(မဟာဝိဇ္ဇာဘွဲ့)(အင်္ဂလိပ်စာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း)<br>ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| ဂ | နည်းပြ<br>၂၁၆၀၀၀-၂၀၀၀-<br>၂၂၆၀၀၀ | အင်ဂျင်နီယာသင်္ချာ<br>(၃)နေရာ | သက်ဆိုင်ရာမဟာဘွဲ့ရရှိသူဖြစ်ရမည်။ |
| ဃ | သရုပ်ပြ<br>၂၁၆၀၀၀-၂၀၀၀-<br>၂၂၆၀၀၀ | အင်ဂျင်နီယာဓာတုဗေဒ<br>(၁)နေရာ | သက်ဆိုင်ရာမဟာဘွဲ့ရရှိသူဖြစ်ရမည်။ |
| င | သရုပ်ပြ<br>၂၁၆၀၀၀-၂၀၀၀-<br>၂၂၆၀၀၀ | အင်ဂျင်နီယာရူပဗေဒ<br>(၂)နေရာ | သက်ဆိုင်ရာမဟာဘွဲ့ရရှိသူဖြစ်ရမည်။ |
| စ | သရုပ်ပြ<br>၂၁၆၀၀၀-၂၀၀၀-<br>၂၂၆၀၀၀ | ကွန်ပျူတာသိပ္ပံ<br>(၃)နေရာ | (၁) M.C.Sc မဟာကွန်ပျူတာသိပ္ပံဘွဲ့(သို့မဟုတ်)<br>(၂) M.Sc (ကွန်ပျူတာ)မဟာသိပ္ပံ(ကွန်ပျူတာသိပ္ပံဘွဲ့)(သို့မဟုတ်)<br>(၃) M.I.Sc(မဟာသုတသိပ္ပံဘွဲ့)(သို့မဟုတ်)<br>(၄) M.C.Tech (မဟာကွန်ပျူတာနည်းပညာဘွဲ့)<br>ရရှိပြီးသူဖြစ်ရမည်။ |

| | | | |
|---|---|---|---|
| ဆ | အငယ်တန်း<br>အင်ဂျင်နီယာ-၂။<br>၂၁၆၀၀၀-၂၀၀၀-<br>၂၂၆၀၀၀ | (၃)နေရာ | အင်ဂျင်နီယာဘွဲ့ရရှိရမည်။ |
| ဇ | စာကြည့်တိုက်<br>လက်ထောက်-၂<br>၂၁၆၀၀၀-၂၀၀၀-<br>၂၂၆၀၀၀ | (၂)နေရာ | စာကြည့်တိုက်ပညာဘွဲ့ရရှိရမည်။ |
| ဈ | စာကြည့်တိုက်<br>လက်ထောက်-၄<br>၁၈၀၀၀၀-၂၀၀၀-<br>၁၉၀၀၀၀ | (၁)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ |
| ည | အငယ်တန်းစာရေး<br>၁၈၀၀၀၀-၂၀၀၀-<br>၁၉၀၀၀၀ | (၁၂)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ |
| ဋ | စာရင်းကိုင်-၄<br>၁၈၀၀၀၀-၂၀၀၀-<br>၁၉၀၀၀၀ | (၁၀)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိရမည်။ |
| ဌ | လျှပ်စစ်ကျွမ်းကျင်-၅<br>၁၆၂၀၀၀-၂၀၀၀-<br>၁၇၂၀၀၀ | (၁)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| ဍ | အစောင့်<br>၁၄၄၀၀၀-၂၀၀၀-<br>၁၅၄၀၀၀ | (၂) နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
ဝန်ထမ်းဖြစ်လျှင် အသက်(၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အမှတ်စဉ်၁(က)မှ (ဠ)အထိ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းဖြေဆိုရမည်။

(ဃ) အမှတ်စဉ် ၁(ဌ)မှ (ဍ)အထိ လူတွေ့စစ်ဆေးခြင်းဖြေဆိုရမည်။

(င) ကျန်းမာရေးကောင်းမွန်ရမည်။

(စ) အမှတ်စဉ်၁(က)မှ (စ)အထိ အနည်းဆုံးလုပ်သက်(၅)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေအဖြစ် ၁၀၀၀၀၀၀ကျပ်/-(ကျပ်ဆယ်သိန်း)ပေးလျော်ရမည်။

(ဆ) အမှတ်စဉ်(ဆ)မှ (ဠ)အထိ အနည်းဆုံးလုပ်သက်(၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
သတ်မှတ်လုပ်သက် တာဝန်ထမ်းဆောင်ခြင်းမရှိပါက ၅၀၀၀၀၀ကျပ်/-(ကျပ်ငါးသိန်း)ပေးလျော်ရမည်။

(ဇ) အမှတ်စဉ်(ဌ)မှ (ဍ)အထိ အနည်းဆုံးလုပ်သက်(၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
သတ်မှတ်လုပ်သက် တာဝန်ထမ်းဆောင်ခြင်းမရှိပါက လျော်ကြေးငွေကျပ် ၃၀၀၀၀၀ကျပ်/-(ကျပ်သုံးသိန်း)ပေးလျော်ရမည်။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-

(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးနေ့သက္ကရာဇ်နှင့် အသက်

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏အလုပ်အကိုင်

(စ) လျှောက်ထားလိုသည့်ရာထူး

(ဆ) ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်

(ဇ) အမြဲတမ်းနေရပ်လိပ်စာ

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) သက်ဆိုင်ရာကျောင်းမှ အလယ်တန်းအောင်မြင်ကြောင်းထောက်ခံစာ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊
ဘွဲ့လက်မှတ်မိတ္တူကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။ (မူရင်းများအား လူတွေ့ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)

(ခ) ပြင်ပမှ လျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကျန်းမာရေးကောင်းမွန်ကြောင်း မြို့နယ်ဆရာဝန်ထောက်ခံချက် ဆေးလက်မှတ်မူရင်းပါရှိရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမူရင်းပါရှိရမည်။

၅။ လျှောက်လွှာများကို ပါမောက္ခချုပ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီးသို့ ၂၈-၂-၂၀၂၂ရက် နောက်ဆုံးထားပြီး တင်သွင်းလျှောက်ထားနိုင်ပါသည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာများကို သက်ဆိုင်ရာဌာန အကြီးအကဲမှတစ်ဆင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ ၂၈-၂-၂၀၂၂ရက် နောက်ဆုံးတိုက်ရိုက်ပေးပို့ရမည်။

၆။ လျှောက်လွှာတင်သွင်းသူများ၏ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၃-၃-၂၀၂၂ရက်တွင် ထုတ်ပြန်ကြေညာပေးမည်။ အရည်အချင်းစစ်ဆေးရေးအတွက် ရေးဖြေစာမေးပွဲအား မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့အား အောက်ပါရက်များအတိုင်း ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်များကို ၃-၃-၂၀၂၂ရက် ဝန်ထမ်းရေးရာဌာနတွင် ရုံးချိန်အတွင်း လာရောက် ထုတ်ယူရမည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | အင်္ဂလိပ်စာ | ၅-၃-၂၀၂၂ရက်(စနေနေ့) | နံနက် ၉:၀၀နာရီမှ ၁၁:၀၀နာရီအထိ |
| (ခ) | အထွေထွေဗဟုသုတ | ၅-၃-၂၀၂၂ရက်(စနေနေ့) | မွန်းလွဲ ၁၃:၀၀နာရီမှ ၁၅:၀၀နာရီအထိ |

၇။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို ၈-၃-၂၀၂၂ရက်တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၉-၃-၂၀၂၂ရက် နံနက် ၉:၀၀နာရီတွင် စတင်ပြုလုပ်မည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများစာရင်းကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website ဖြစ်သော www.mmu.edu.mm မှတစ်ဆင့် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၉။ အချိန်မီရောက်ရှိခြင်းမရှိသော အချက်အလက်ပြည့်စုံမှန်ကန်မှုမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သန်လျင်မြို့၊ ဒုတိယပါမောက္ခချုပ် စီမံ၊ ဖုန်း-၀၉-၅၁၃၈၆၀၉နှင့် ဝန်ထမ်းရေးရာဌာန ဖုန်း-၀၉-၂၆၀၃၃၆၂၂၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်